## မာတိကာ


သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း (ငြိမ်း) ၏ အမှာစာ

စာရေးသူ၏ အမှာစာ

**အပိုင်း (၁)**

၁။ အေဒီ ၁၂-၁၃ ရာစု မြန်မာပြည် လူမျိုးစုများ ၁
"Note on the Peoples of Burma in the 12th-13th Century A.D." By **G. H. Luce**

၂။ ဆက်-ကန္တူ (သက်-ကတူး) ၃၇
"SAK-KANTŪ (Thet-Kădu)" By **G. H. Luce**

၃။ သက်-ကတူး ၇၇
"SAK-KANTŪ" By **G. H. Luce**

၄။ ကတူးလူမျိုးတို့၏ နေထွက်ချိန်နှင့် နေဝင်ချိန် ၈၁
"Rise and Fall of Kantu: A historical study of an ancient Tibeto-Burmese speaking group" By **He Ping**

၅။ ကတူးလူမျိုး ၉၇
"The Kadus" By **J. George Scott**

၆။ မြန်မာပြည် ကတူးလူမျိုးများ ၁၀၉
"The Kadus of Burma" By **R. Grant Brown**

၇။ ကတူးလူမျိုးနှင့် အနွယ်တူလူမျိုးစုများ ၁၅၅
"Kadu and Its Relatives" By **George Grierson**

၈။ ကတူးလူမျိုးနှင့်စပ်လျဉ်း၍ သုတေသီတို့၏ အယူအဆများ ၁၆၁
"The Kadus" By **L. F. Taylor**

၉။ သက်၊ ဂဒူး၊ ဂနန်း (ဒေါက်တာသန်းထွန်း) ၁၇၁

**အပိုင်း (၂)**

၁၀။ HUZIWARA Keisuke နှင့် တွေ့ဆုံမေးမြန်းခြင်း ၁၇၇

၁၁။ ကတူးလူမျိုး ၁၉၃

၁၂။ အနာဂတ်ဖက်ဒရယ်နှင့် လူနည်းစုကတူးတိုင်းရင်းသား ၁၉၉

၁၃။ သက်မျိုးနွယ်စုများ တွေ့ဆုံပွဲ ၂၀၅

၁၄။ ကတူးတိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှု၊
လူမှုစီးပွားဆိုင်ရာစာတမ်း ၂၁၃

၁၅။ ကတူးလူငယ်များညီလာခံ ၂၃၁

၁၆။ ကတူးလူငယ်များညီလာခံ ဟောပြောချက် ၂၃၃

၁၇။ ကတူးစာပေညီလာခံ ၂၅၁

၁၈။ ကတူးစာပေညီလာခံ ဟောပြောချက် ၂၆၅

၁၉။ ဇလုံတောင်နှင့် ကတူးလူမျိုး ၂၈၅

၂၀။ ကတူးသမိုင်းအခြေပြ ၂၉၇

ကတူးသန်းနိုင်၏ အတ္ထုပ္ပတ္တိ ၃၃၇


# ကတူးလူမျိုး

ကတူးဆိုသည်မှာ ရှေးအခါက တကောင်းကို အခြေပြု၍ ရွှေဘို ဒီပဲယင်းမှအစ မြန်မာပြည်မြောက်ပိုင်းတစ်ခုလုံး ပျံ့နှံ့ခဲ့သည်သာမက အနောက်ဘက် မဏိပူရမှသည် အရှေ့ဘက် ယူနန်ပြည်အထိ ကြီးမားကျယ်ဝန်းစွာ ပေါက်ရောက်ခဲ့သော လူမျိုးများဖြစ်သည်။ မြန်မာ့ခေတ်ဦးသမိုင်းတွင် တွေ့ရသော ပျူ၊ သက်၊ ကမ်းယံ လူမျိုးကြီး သုံးခုအနက် သက်အုပ်စုတွင် ပါဝင်သည်။ ထိုသို့ သမိုင်းကြောင်းအခိုင်အမာ ရှိခဲ့သော်လည်း မြန်မာ့သမိုင်းစာပေတွင် လူသိနည်းလှသော ကတူးလူမျိုးများအကြောင်းကို ဤစာအုပ်၌ မိတ်ဆက်တင်ပြထားသည်။

ပုဂံခေတ်ကျောက်စာများ၊ တရုတ်မှတ်တမ်းများတွင် သက်ကတူးလူမျိုးအကြောင်း ဖော်ပြထားပုံ၊ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံအသီးသီးတွင် သက်၊ ကတူး၊ ကနန်း၊ ထမန်၊ မလင်၊ အင်ကြယ်၊ အန်ဒရို၊ ဆင်မိုင် အစရှိသဖြင့် သက်မျိုးနွယ်စုများ ကွဲထွက်သွားပုံ၊ အဆိုပါ အစုဝင်များ နှစ်ပေါင်းများစွာ ဝေးကွာနေကြသော်လည်း ယနေ့အချိန်အထိ ဘာသာစကားဆက်နွယ်မှု ရှိနေပုံစသည်တို့ကို ဤစာအုပ်တွင် ဖော်ပြထားပါသည်။

"ကတူးကနန်း ဆိုတာ ဘာလဲ"၊ "ကတူးနှင့် ကနန်း တူသလား"၊ "ကတူးကို ဗမာ ၉ မျိုးထဲ ထည့်ထားတာ မှန်သလား"၊ "ကတူးနှင့် ကချင်၊ ကတူးနှင့် ရှမ်း ဘယ်လို ဆက်နွယ်နေသလဲ"၊ ကတူးဆိုတာ ရှမ်းလား၊ ဗမာလား၊ ကချင်လား၊ စပ်ကြားလူမျိုးလား"၊ "ကတူးနှင့် သက် ဘယ်လို ဆက်နွယ်သလဲ" အစရှိသော မေးခွန်းများအတွက် အဖြေများကိုလည်း ဤစာအုပ်၌ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တွေ့မြင်ရမည် ဖြစ်သည်။

ကတူးလူမျိုးတို့၏ ဘာသာစကားထိန်းသိမ်းရေး၊ စာအရေးအသားပေါ်ပေါက်ရေး၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျောက်ပျက်ရေး အစရှိသဖြင့် အမျိုးသားရေးလုပ်ငန်းများ တစ်တပ်တစ်အား ဆောင်ရွက်နေကြသည့် ပုံရိပ်အချို့ကိုလည်း ဤစာအုပ်၌ မှတ်တမ်းတင်ထားပါသည်။